## ပြည်ပသို့ သွားရောက်မည့်မြန်မာခရီးသွားများအတွက် သတိပေးချက်

၁။ ယခုအခါ မြန်မာနိုင်ငံသားများသည် နိုင်ငံရပ်ခြားဒေသများသို့ အလည်အပတ်ခရီး၊ ဘုရားဖူးခရီးအစရှိသည့် ပြည်ပခရီးသွားရောက်မှုများ ပိုမိုများပြားလျက်ရှိကြပြီး၊ ခရီးသွားအုပ်စုများအတွင်း ခါးပိုက်နှိုက်ခံရခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်းများ ကြုံရလေ့ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခဲ့ပါက မြန်မာနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ(ခရီးသွားများ/ သင်တန်းသားများ/ တာဝန်ဖြင့်သွားရောက်သူများ)အနေဖြင့် မြန်မာသံရုံးသို့ ဆက်သွယ်ဆောင်ရွက်ရာတွင် မိုမိုလွယ်ကူမြန်ဆန်စေရန်အတွက် အောက်ပါအချက်အလက်များကို သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူကူးထား၍ သီးသန့်သိမ်းထားရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက မိမိ၏မြန်မာနိုင်ငံကူးလက်မှတ်ကို အီလက် ထရောနစ် မိတ္တူ (Soft Copy)အနေဖြင့် မိမိ၏email(သို့မဟုတ်)အခြားလုံခြုံစိတ်ချရသည့် အွန်လိုင်းတွင် ထိန်းသိမ်းထားနိုင်မည့် ဝက်ဘ်ဆိုက်များ(ဥပမာ - Google Drive)တွင် ထိန်းသိမ်းထားပါက ပိုမိုအဆင်ပြေစေမည်ဖြစ်ပါသည်။ ပျောက်ဆုံးကြောင်း လာရောက်တိုင်ကြားလျှင် မြန်မာနိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးသည့်နေ့စွဲများလည်း လိုအပ်ပါသည်။

(ခ) ခါးပိုက်နှိုက်ခံရကြောင်း (သို့မဟုတ်) ပျောက်ဆုံးကြောင်းကို ပျောက်ဆုံးသည့်နေရာရှိ ရဲစခန်းသို့ တိုင်ကြားထားသည့် တိုင်ကြားစာလိုအပ်ပါသည်။

(ဂ) လိုင်စင်ဓာတ်ပုံ (၃)ပုံ လိုအပ်ပါသည်။

၃။ ထို့ပြင် ခရီးသွားအေဂျင်စီများအနေဖြင့် ခရီးသွားမည့် နိုင်ငံအလိုက် မြန်မာသံရုံးလိပ်စာ၊ ဖုန်းနံပါတ်များ ပေးထားသင့်ကြောင်းဖြင့် အကြံပြုအပ်ပါသည်။ သက်ဆိုင်ရာ နိုင်ငံအလိုက် မြန်မာသံရုံးလိပ်စာများ၊ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mofa.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၄။ မြန်မာသံရုံးအခြေစိုက်ရာ နိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် အခက်အခဲ ကြုံတွေ့ရသူ မိမိနိုင်ငံသားများဖြစ်သည့် မြန်မာခရီးသွားများအတွက် ရုံးပိတ်ရက်များတွင်ပင် C of I ပြုလုပ်ပေးခြင်းနှင့် နေထိုင်စားသောက်ရေးတို့ကိုပါ ကူညီထောက်ပံ့မှုများပြုလုပ်ပေးလျက်ရှိပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**